Volume 4 / Issue 8 / August / 2011

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

# နှလုံးသား  ပြင်ဆင်ချက်

ထာဝရဘုရားသခင်သည် ကမ္ဘာဦးအစလူကို ဖန်ဆင်းစဉ်ကပင်လူရဲ့ကိုယ်ခန္ဓာအတွင်းပိုင်းမှာ အရေးကြီးတဲ့ ပစ္စည်းလေးတစ်ခုကို ထည့်သွင်းပေးလိုက်ပါတယ်။ အဲဒီ ပစ္စည်းလေးတစ်ခုက တဒုတ်ဒုတ်နဲ့ ခုန်နေပြီး၊ သူခုန်တာ ရပ်သွားရင် လူဟာ အသက်မရှင် နိုင်တော့ပါဘူး။ ပုံစံလေးကလည်း လှပါတယ်။

ဘုရားသခင်ကလည်း အဲဒီ နှလုံးသားလေးကို ကြည့်ရှုတတ်တယ်လို့ သမ္မာကျမ်းစာထဲမှာ ဖော်ပြထားပါတယ်။

"ထာဝရဘုရားသည် လူမြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်။ လူသည် အဆင်းသဏ္ဍာန်ကိုကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးကို ကြည့်ရှုတတ်သည်ဟု ရှမွေလအား မိန့်တော်မူ၏။" (၁ ရာ – ၁၆း ၇–၈)

သုတ္တံဆရာကလည်း (သုတ္တံ–၄း၂၃)တွင်၊–
***"နှလုံးသည် အသက်၏ အခြေအမြစ် ဖြစ်သောကြောင့် သင်၏ နှလုံးကို အထူး စောင့်ရှောက်လော့။"***
လို့ သတိပေးထား ပြန်သေးတယ်။

ဘာလို့ နှလုံးသားကို စောင့်ရှောက်ခိုင်းသလဲဆိုရင် လူသားတွေရဲ့နှလုံးသားဟာ တစ်ယောက်နှင့်တစ်ယောက် မတူဘဲ နှလုံးသား အမျိုးမျိုး ရှိတတ်ကြလို့ဘဲ ဖြစ်ပါတယ်။ အဆိုပါ နှလုံးသား အမျိုးမျိုးထဲမှ နှလုံးသား (၇)မျိုးအကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

(၁) အပြည့်နှလုံးသား။

ဒီနှလုံးသားကတော့ ဘုရားသခင်နှင့်မိဿဟာရဖွဲ့ခြင်း၊ ဘုရားသခင်ကိုလက်ခံခြင်း၊ ဘုရားစကားနားထောင်၍ အလိုတော်ကို ဝန်ခံခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်း၊ သဘောထားပြည့်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ ဆက်ကပ်ခြင်းနှင့် ပြည့်ဝနေသော နှလုံးသား ဖြစ်ပါတယ်။ ဒီနှလုံးသား ပိုင်ရှင်ကတော့ စစ်မှန်တဲ့ ဘုရားသားသမီးလို့ အခေါ်ခံထိုက် သူပါဘဲ။ (၁သက် – ၅ း ၁၄ – ၁၈)

(၂) တစ်ဝက်(တဝက်½)နှလုံးသား။

ဒီနှလုံးသားကတော့ ကိုယ့်အတွက်ပါတယ်။ ကိုယ့်အလိုကိုတစ်ဝက်၊ ဘုရားအလိုကို တစ်ဝက်၊ ဘုရားအလိုကို တစ်ဝက်လိုက်မလိုလိုနှင့် တစ်ကိုယ်ကောင်းဆန် အပေးအယူလုပ်တတ်သော နှလုံးသားမျိုးဘဲ ဖြစ်ပါတယ်။
ဥပမာ – ဖါရိရှဲ၊ ဇန္ဒုကဲတို့၏ နှလုံးသားမျိုးဘဲ ဖြစ်ပါတယ်။
အကြောင်းမူကား၊ ယခုတွင် ငါသည် လူ၏အလိုသို့လိုက်သလော။ ဘုရားသခင်၏ အလိုတော်ကိုလိုက်သလော။ လူတို့၏စိတ်ကို နူးညွတ်စေခြင်းငှါ ရှာကြံသလော။ လူတို့၏စိတ်ကိုနူးညွတ်စေခြင်းငှါရှာကြံသေးလျှင် ခရစ်တော်၏အစေခံကျွန်မဟုတ်ပြီ။ (ဂလာတိ – ၁း၁၀)

(၃) အပေါက်များနှင့်နှလုံးသား။

ဒီနှလုံးသားကတော့ မိမိကိုယ်ကို သတိမထားဘဲ ဖြားယောင်းသွေးဆောင်ခြင်းကို လက်ခံနေသော နှလုံးသားဘဲ ဖြစ်ပါတယ်။ ဖြားယောင်းသွေးဆောင်မှု နောက်သို့ မသိမသာပါသွားပြီး၊ သွေးဆောင်ခြင်းကို ခံနေသော နှလုံးသား ဖြစ်ပါတယ်။
ဥပမာ – ယုဒရှကာယုဒ်လို နှစ်လုံးသားမျိုး ဖြစ်ပါတယ်။ (မဿဲ – ၆း၂၄)
(ယော – ၁၂း၆)

(၄) အထိမခံသောကြွေနှလုံးသား။

ဒီနှလုံးသားကတော့ မည်သူနှင့်မှ ပေါင်းသင်းဆက်ဆံပေါင်းသင်းခြင်း မလုပ်လို။ အားမရှိ။ အားငယ်နေသော နှလုံးသားမျိုးဘဲ ဖြစ်ပါတယ်။ တစ်ခုခုကို ခံစားလွယ်ပြီး စိတ်အနှောက်အယှက် ဖြစ်လွယ်တဲ့ နှလုံးသားမျိုး ဖြစ်ပါတယ်။
ဥပမာ – ရှင်ယောနလို နှလုံးသားမျိုး၊
ထာဝရဘုရားက နိနေဝေမြို့ကို သွားခိုင်း၊ ကြောက်၍ တာရှုမြို့သို့ ထွက်ပြေးသွား၊ ပြန်သွားခိုင်း၍ ဘုရားမိန့်မှာချက်ပြောခိုင်း၊ ဒါပေမဲ့ ထာဝရဘုရား ဘေးဒဏ် မပေး၍ စိတ်အနှောက်အယှက်ဖြစ်၊ စိတ်ထိခိုက်၊ (ယောနဝတ္ထု)

(၅) နှလုံးသားတိုက်ဆောက်ထားသောအနိုင်မခံနှလုံးသား။

ဒီနှလုံးသားကတော့၊ သူ့ရဲ့ Foundation ဟာ အမုန်းနဲ့ တည်ဆောက်ထားတာဖြစ်တယ်။ နှလုံးသားမှာ အသားအစား ကျောက်ခဲတွေ စီထားတယ်၊ ခွင့်မလွှတ်နိုင်တဲ့ နှလုံးသားဘဲ ဖြစ်ပါတယ်။ Very Sensitive ဖြစ်တယ်။ ခုနှစ်ဆယ် ခုနှစ်လီ ခွင့်လွှတ်ရမည် ဆိုတဲ့ မိန့်မှာချက်ဟာ သူ့အတွက် မဟုတ်ပါဘူး။ ချည်နှောင်ခြင်းကြီးတဲ့ နှလုံးသား ဖြစ်ပါတယ်။

(၆) အမဲရောင်နှလုံးသား (ငါ) နှလုံးသား။

ဒီနှလုံးသားကတော့၊ ဘုရားကို လုံးဝဥပက္ခာပြုတယ်။ ငါနားလည်တယ်။ ငါသိတယ်။ ငါတတ်တယ် ဆိုတဲ့ နှလုံးသား၊ အကောင်းပြောရင် လက်မခံ။ အဓမ္မလူဖြစ်ပါတယ်။ သူ့မှာအားကိုးရာရှိတယ်။ စိုးမိုးခြင်းကိုနှစ်သက်တယ်။ မာနရဲ့အစေခံဖြစ်တယ်။ ဘုရားရှိခိုးကျောင်းတက်နေသော်လည်း၊ ငါဟာဘုရား၊ ငါဟာသခင်၊ ငါကိုမကျော်နိုင်သောနှလုံးသား။ ကိုယ့်ကိုယ်ကိုအထင်ကြီးနေတဲ့ နှလုံးသားမျိုး ဖြစ်ပါတယ်။

(၇) အနှစ်မပါအကာဘဲရှိသောနှလုံးသား။

ဒီနှလုံးသားကတော့ အယောင်အဆောင်ဘဲဖြစ်တယ်။ နှလုံးသားထဲမှာ ဗလာဘဲဖြစ်တယ်။ ဘာမှမကျန်။ ဘာမှမရှိ။ ဟန်ဆောင်မှုဘဲရှိတဲ့နှလုံးသားဖြစ်ပါတယ်။ တကယ့်နှလုံးသား ခံစားချက်မျိုး မရှိဘဲ အပေါ်ယံ ဆက်ဆံတတ်တဲ့ အနှစ်မပါ အကာနှလုံးသားမျိုး ဘဲဖြစ်ပါတယ်။ ဟန်ဆောင်မှုတွေနဲ့ ပြည့်နှက်နေတဲ့ နှလုံးသားမျိုးပါ။ "အပြင်တန်ဆာဆင်ခြင်းမရှိစေဘဲ၊ ဘုရားသခင်ရှေ့မှာ အဘိုး များစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်း သဘောတည်းဟူသော မဖေါက်ပြန် မပျက်စီးတတ်သော စိတ်နှလုံး၏ အတွင်းလူ ဖြစ်စေကြလော့။" (၁ပေ—၃း၃—၄)

ကျွန်မတို့ နှလုံးသားတွေဟာ အထက်ပါ (၇) မျိုးလုံးပါတဲ့ နှလုံးသားတွေဘဲလား။

ဘုရားသခင် အလိုရှိသော နှလုံးသားသည် မည်သို့သော နှလုံးသားမျိုးလဲ။

သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင် အလိုရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်သိနိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။ (ရောမသြဝါဒစာ — ၁၂း၂)

ဒီနှလုံးသား (၇)မျိုး အကြောင်းကို ဖတ်ရှုပြီးသူတိုင်း ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သော နှလုံးသား၊ ဘုရားသခင် အလိုရှိသော နှလုံးသား ပိုင်ရှင်များ ဖြစ်စေရန်အတွက် ရည်ရွယ်လျက် …… "နှလုံးသားပြင်ဆင်ချက်" ခေါင်းစဉ်လေးနဲ့ ဖေါ်ပြပေးလိုက်ပါတယ်။ ॥

အမှုတော်မြတ်၌ "မာသ"

## Great Inspirational Hearts

**A good heart** is better than all the heads in the world.
-- Edward George Earle Bulwer-Lytton

**A joyful heart** is the inevitable result of a heart burning with love.
-- Mother Teresa

**A kind heart** is a fountain of gladness making everything in its vicinity freshen into smiles. -- Washington Irving

**A happy heart** makes the face cheerful, but heartache crushes the spirit.
-- Provebs-15:13 (NIV)

**သက်သေခံချက်။—**

# ဘုရားရှင်နှင့်အတူအသက်ရှင်ပါ

ရှေးဦးစွာ စာရေးရသောအခွင့်ကို ဘုရားရှင်ပေးသည့်အတွက် ကျေးဇူးတော် ချီးမွမ်းပါသည်။

လူ့ဘဝအသက်တာတွင် ကျွန်တော်တို့ အသက်ရှင် နေထိုင်စဉ်အတွင်း၊ နေ့စဉ်နှင့်အမျှ အခက်အခဲ၊ ဒုက္ခ ပြဿနာ၊ အမျိုးမျိုးတို့နှင့် ကြုံတွေ့ရင်ဆိုင် နေကြရပါသည်။ အချို့သော ဒုက္ခ ပြဿနာရပ်များကို လူသားများ၏ အသိဉာဏ်၊ ဦးနှောက်ဖြင့် မဖြေရှင်း နိုင်ကြပါ။ သို့သော်လည်း၊ ခပ်သိမ်းသောအရာများကို ဖြေရှင်းနိုင်သော အရှင်ရှိပါသည်။ ထိုအရှင်မှာ ဘုရားရှင်သာလျှင် ဖြစ်ပါသည်။

ကျွန်တော်၏ အသက်တာတွင် ကြုံတွေ့ခဲ့ရသော အခက်အခဲ ပြဿနာများထဲမှ ဘုရားရှင်၏ စောင်မမှုကြောင့် ပြေလည်ခဲ့ရသော ဖြစ်ရပ်လေးတစ်ခု အားဖြင့် သက်သေခံ လိုပါသည်။

တနေ့တွင် ကျွန်တော်၏အလုပ်ရှင်သည် ဆိုင်မှ(၁)နာရီကြာ ကားဖြင့်မောင်းသွားရသောအရပ်ဒေသမြို့လေးတစ်မြို့တွင် အလုပ်သွားလုပ်ရန်တာဝန်ပေးပါသည်။

ကျွန်တော်လည်း ထရပ်ကား Truck car ပေါ်သို့ လိုအပ်သော ပစ္စည်းများ တင်ဆောင်ကာထွက်လာခဲ့ပါသည်။ ထိုအရပ်ဒေသရှိ အိမ်သို့ ရောက်၍၊ ပစ္စည်းများ ချပြီး သောအခါ ကျွန်တော်အတွက် ကြီးမားသော ပြဿနာရပ် တစ်ခုနှင့် ကြုံရပါတော့သည်။ ထိုပြဿနာမှာ ကြွေပြား Tile အပေါက်ဖေါက်ရန် Drill မပါလာခဲ့ပါ။ အနီးအနားတွင် ဝယ်ရန် စဉ်းစားပါသော်လည်း ဈေးဆိုင်များနှင့် အလွန် ကွာဝေး လှပါ သည်။ ဤအိမ် တွင်လည်းအလုပ်လာလုပ်သူ တစ်ယောက်မျှ မတွေ့ရပါ။ ကျွန်တော်မှာလည်း ဇောချွေးများပြန်ကာ ဘာလုပ်ရမှန်း မသိတော့ပါ။ ကျွန်တော်သိသည်မှာ အလုပ်မပြီး၍ ပြန်သွားလျှင်၊ အလုပ်ပြုတ်ရန်မှာ သေချာနေပါသည်။

**ကျွန်တော်၏ ဦးနှောက်ထဲသို့ အလင်းတန်းတစ်ခု ဝင်ရောက်လာ သကဲ့သို့**

ကျွန်တော်လည်း စိတ်ပျက်အားငယ်ခြင်း များစွာဖြင့် ထရပ်ကား Truck ပေါ်မှ ပစ္စည်းများကို အိမ်ထဲသို့ သယ်ဆောင်သွားကာ၊ နေရာချထားလိုက်ပါသည်။ ပစ္စည်းများကို ချထားပြီး၊ ကျွန်တော် အလုပ်လုပ်မည့် အခန်းထဲသို့ပြန်သွား၍၊ ထိုင်နေစဉ်မှာ ကျွန်တော်၏ဦးနှောက်ထဲသို့ အလင်းတန်းတစ်ခု ဝင်ရောက်လာသကဲ့သို့ခံစားမိသည်။

**ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။**
**ကိုယ်ဉာဏ်ကို မမှီမပြုနှင့်။**
**သွားလေ ရာရာ၌ထာဝရဘုရားကို မျက်မှောက်ပြုလော့။**
**သို့ပြုလျှင် သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။**

ထိုနောက် ကျွန်တော်လည်း ဒူးထောက်၍၊ ဦးနှောက်မှထွက်ပေါ်လာသော သုတ္တံကျမ်း၊ အခန်းကြီး၃း၅–၆မှ၊ "ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို မမှီမပြုနှင့်။သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။" ကျမ်းပုဒ်လေးကိုရွတ်ဆိုပြီး၊ "အို.အဘဘုရားရှင်...ဘုရားရှင်ကို ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်ယခုဖြစ်နေတဲ့ အခက်အခဲ ပြဿနာကို ဘုရားရှင်တစ်ခုခုနှင့် လမ်းပြဖြေရှင်း ပေးတော်မူပါ"လို့ဆုတောင်းလိုက်ပါသည်။



၁း၃၀အချိန်လောက်မှာ **Truck** ကားတစ်စီးဝင်လာသည်ကို တွေ့လိုက်ရပါသည်။ **Alarm Co.** မှကားဖြစ်နေ၍ ကျွန်တော် အရမ်းကို ဝမ်းသာမိပါသည်။ ဘာဖြစ်လို့လဲဆိုလျှင် သူတို့တွေလည်း **Drill** ကိုသုံးတတ်ပါသည်။

ခဏကြာသော်၊ သူ့ဆီသို့ ကျွန်တော်သွားပြီး၊ **Tile** မှာ အပေါက်လေး(၆)ခုလောက် ဖေါက်ခြင်လို့ **Drill** ငှားလို့ရနိုင်မလား နှင့် ကျွန်တော် **Drill** မေ့ကျန်ခဲ့သဖြင့်၊ ဒုက္ခရောက်နေကြောင်း သူ့ကိုပြောပြပါတယ်။ သူကလည်း လိုလိုလားလားနှင့်ယူသုံးနိုင်ကြောင်းပြောသည့်အတွက် **Drill** ကိုယူပြီး၊ အလုပ်ကို ပြီးအောင်လုပ်လိုက်ပါသည်။

**Drill** ဖြင့် **Tile** ကိုအပေါက်ဖေါက်နေသောအချိန်၌၊ ကျွန်တော်၏ စိတ်နှလုံးသားထဲမှာအရာခပ်သိမ်းကို အောင်နိုင်တော်မူသောဘုရားရှင်သည် ကျွန်တော်၏ အခက်အခဲပြဿနာအား စောင်မတော်မူသည့်အတွက် ဘုရားရှင်၏ ကျေးဇူးတော်ကို ချီးမွမ်းမိပါသည်။

ထိုကြောင့် ကျွန်တော်တို့၏ အသက်တာမှာလည်း နေ့စဉ် ဘုရားရှင်နှင့် အဆက်အသွယ်ပြုလုပ်ပြီး၊ အသက်ရှင်ရန် လိုအပ်ပါသည်။

ကျွန်တော်၏ဆိုင်အပြန်လမ်းခရီးမှာ ရွှင်လန်းခြင်း၊ ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်းများစွာဖြင့်...

**BCF- Robin**

(**Ps.** ကျွန်တော်အား **Drill** ငှါးပေးသူမှာ ကျွန်တော်တို့၏ အမိမြန်မာနိုင်ငံသား တစ်ဦးပင် ဖြစ်ပါသည်။)

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# သနားစရာ့ ဒို့လူသား

**~Author Unknown~**

❖ အများအမြင်မှာတော့ ... လူ့မလိုင်အထက်တန်းစား
ပါးစပ်ကဘုရားဘုရား ... လက်ကကားရားကားရား၊

❖ ငါတည်းဟူသောအတ္တ ... ငါနှင့်ငါသာနိုင်းစရာ ... ငါသာလျှင်အဓိက
ငါ့ကိုယ်ငါသာကိုးကွယ်ရာ ... ငါကလွဲရင် ... ဖွဲနှင့်စကွဲ

❖ ဘုရားကိုမမြင် ... တရားကိုလည်းမကြင်၊
ဘုရားကိုမကြောက် ... တရားကိုလည်းမထောက်၊
ဘုရားကိုမလေးစား ... တရားကိုလည်းအရေးမထား၊

❖ ဘုရားနဲ့လွဲ ... တရားနဲ့လည်းကွဲပြီမို့
သူ့အသက်တာလည်းမွဲနေပြီ။
ဘုရားလည်းမရှိ ... တရားလည်းမသိလေတော့ ... သူ့ဘဝကနတ္ထိ။

❖ ဘယ်ဘုရားမှငါမသိ ... ငါကဒိဋ္ဌိ ... အစဉ်ဟစ်ကြွေးဘိ၊
ဒိဋ္ဌိတို့သွားရာလမ်း ... သူကမသိ ... အော် ! သနားပါဘိ။

❖ ဒို့အများမှာ ... တာဝန်ရှိ ... ဒါကိုဒို့ကမသိ
အော် ! သနားစရာ ... ဒို့လူသား။
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~